# လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ

ရောဂါကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း ဆေးရုံတက်၍ကုသမှုခံယူခြင်း၊ မတော်တဆမှုကြောင့် သေဆုံးခြင်းများအတွက် အကျိုးခံစားခွင့်ပြန်လည်ရရှိနိုင်သောအာမခံအမျိုးအစားဖြစ်ပါသည်။ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်လည်းကောင်းထားရှိနိုင်ပါသည်။

အာမခံထားနိုင်သူ - အသက် (၆) နှစ်မှ (၇၅) နှစ်အတွင်းရှိသူများ။ (တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့် လည်းကောင်းထားရှိနိုင်ပါသည်။)

အာမခံသက်တမ်း - (၁) နှစ်။

ပရီမီယံနှုန်း - အာမခံထားသူ၏ အသက်အရွယ်ပေါ်မူတည်၍ ပရီမီယံနှုန်းကွဲပြားမှုရှိပါသည်။

## လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံပရီမီယံ

| စဉ် | အာမခံအကာအကွယ် | အသက် | ပရီမီယံ |
|---|---|---|---|
| ၁။ | လူထုအခြေပြုကျန်းမာရေး စောင့်ရှောက်မှုအာမခံ အကာအကွယ် | ၆ ~ ၃၀ | ၅,၀၀၀ |
| | | ၃၁ ~ ၄၀ | ၅၅,၀၀ |
| | | ၄၁ ~ ၅၀ | ၆၅,၀၀ |
| | | ၅၁ ~ ၆၀ | ၈၅,၀၀ |
| | | ၆၁ ~ ၇၅ | ၁၃၀,၀၀ |

## အကျိုးခံစားခွင့်ရရှိနိုင်မှုအခြေအနေများ

| စဉ် | အာမခံအကာအကွယ် | အာမခံအကျိုးခံစားခွင့် | အကျိုးခံစားခွင့်ငွေ (ကျပ်) |
|---|---|---|---|
| ၁။ | လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု အာမခံအကာအကွယ် | -ရောဂါကြောင့်ဆေးရုံတက်ကုသခြင်း<br>-မတော်တဆမှုကြောင့်ဆေးရုံတက် ကုသခြင်း | - တစ်နှစ်လျှင် ဆေးရုံတက်ရက် ၁ ရက်ကျပ် ၅,၀၀၀/- အများဆုံးရက်ပေါင်း ၆၀ ထိသာ |
| | | မတော်တဆမှုကြောင့်ထိခိုက်သေဆုံးခြင်း | - ကျပ် ၅၀၀,၀၀၀/ |

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

**အကျိုးခံစားခွင့်အကျုံးမဝင်သည့်အချက်များ**

အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုနှင့် ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ဒဏ်ရာရခြင်း၊ ရောဂါရရှိခြင်း၊ ဆေးရုံတက်ရောက်ခြင်း၊ မတော်တဆမှုတို့ကြောင့်သေဆုံးခြင်းတို့အတွက် အကျိုးခံစားခွင့်အကျုံးဝင်မည်မဟုတ်ပါ။

(၁) ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန် ဆရာဝန်၏ထောက်ခံချက်ရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသားဖြစ်နေခြင်း။

(၂) စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း။

(၃) ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း။

(၄) သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း။

(၅) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သောသွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း။

(၆) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သောမျက်မှန်အပါအဝင်၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင်ပြုပြင်ရန်ဖြစ်ခြင်း။

(၇) အလှအပအတွက်ဖြစ်ခြင်း။

(၈) နားကြားကိရိယာတပ်ဆင်ရန်အတွက် ဖြစ်ခြင်း။

(၉) ကိုယ်ခန္ဓာချို့ယွင်းခြင်း (Physical Defect ) (သို့မဟုတ်) မသန်စွမ်းခြင်း (Infirmity) ။

(၁၀) မူးယစ်ဆေဝါးသုံးစွဲခြင်း။

(၁၁) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း။

(၁၂) AIDS/HIV ဖြစ်ခြင်း။

(၁၃) အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း။

(၁၄) ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် (၃)ရက်နှင့်အောက်ဖြစ်သောဆေးကုသမှုများ။

(၁၅) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။

(၁၆) မိမိကိုယ်ကိုသတ်သေခြင်း။

**အာမခံထားရှိလိုပါက**

အာမခံထားရှိလိုပါက FNI (General) ရုံးချုပ်၊ ရုံးခွဲများသို့လည်းကောင်း၊ FNI (General) နှင့်ဆက်သွယ်ဆောင်ရွက်လျှက်ရှိသော အာမခံကိုယ်စားလှယ်များ သို့လည်းကောင်းဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင် အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**ရုံးချုပ်**
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။